**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ( ၇ / ၂၀၂၃ )**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော ကုန်စည်များတင်သွင်းမှုနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ထားသည့်ကိစ္စအား ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော အကောက်ခွန်သိုလှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန်အတွက် ဤဦးစီးဌာနသည် အမိန့်ကြော်ငြာစာ အမှတ် ၅၀/၂၀၂၀ ဖြင့် "**သွင်းကုန်လိုင်စင်ရယူ တင်သွင်းရမည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန် သိုလှောင်ရုံသို့ ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များအား ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်း မရှိစေရ**" ဟု ထုတ်ပြန်ထားပါသည်။

၂။ ထို့ပြင် ပို့ကုန်သွင်းကုန်သတင်းလွှာအမှတ် ၆/၂၀၂၂ ဖြင့် သက်ဆိုင်ရာဌာနများ၏ သွင်းကုန် လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြုချက်မရမီ ကုန်စည်နှင့် ကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိ ကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထပ်မံထုတ်ပြန်ကြေညာထားပါသည်။

၃။ ကုန်သွယ်မှုလုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ အကောက်ခွန်သိုလှောင်ရုံတွင် ကာလကြာရှည်စွာ ထည့်သွင်းသိုလှောင်ခြင်းကြောင့် ကုန်စည်များ အရည်အသွေးထိခိုက်မှုမရှိစေရေးအတွက်လည်းကောင်း၊ အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုအားလုံးအတွက် ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင် ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ ပါ ထုတ်ပြန်ကြေညာချက်များအား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ (၆)လ တိတိ ယာယီဆိုင်းငံ့သွားမည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်း တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**